# ပဲအောင်

# မီးငယ်လေးဖတ်ဖို့

ဒဿနစာစုများ



(ဒုတိယအကြိမ်)

# သဲအောင်စေတနာ

"မိုးငယ်လေးဖတ်ဖို့"သည် သဲအောင်၏ ဒုတိယမြောက်စာပေခြေလှမ်းဖြစ်ပါသည်။ ပထမခြေလှမ်းမှာ "သားဖေဖေ"ဖြစ်သည်။ သားတစ်ယောက်နေရာမှ ခံစားချက်များကို ရင်ဖွင့်ရေးသားထားသဖြင့် သူ့အမေးကို ပြန်ဖြေဖို့မလွယ်။ အတိမ်းအစောင်းမခံ သူ့အမေးတွေက စူးရှလွန်း တယ်။ ဖခင်မေတ္တာကို သေသေချာချာ နှလုံးသွင်းပြီးမှ သူ့အမေးတွေကို ပြေအောင် ဖြေရသည်။

သူသည် လူငယ်တစ်ယောက်ပီပီ ရဲရင့်စူးရှပြီး လွတ်လပ်ပွင့်လင်းသော အတွေးတို့ကို ရေးတတ်၏ ။ ယခုလည်း ဤစာအုပ်တွင် သူ့ညီမလေးမြဝတ်ရည်ကို လူငယ်တစ်ယောက်အမြင်ဖြင့် ပွင့်လင်းစွာ ဆိုဆုံးမထားသည်။

သူ့ညီမလေးကို သူအလွန်ချစ်ပါသည်။ ထို့ကြောင့် ၁၉နှစ်မြောက်မွေးနေ့လက်ဆောင် အဖြစ် ဤစာအုပ်ကို ကြိုးပမ်းရေးဖွဲ့ခဲ့ခြင်းဖြစ်ဟန်တူသည်။ သူကဲ့သို့ အခြားအစ်ကိုများလည်း သူတို့ညီမလေးတွေကို ချစ်ခင်တန်ဖိုးထားတတ်စေချင်သော စေတနာဖြင့် ဤစာအုပ်ကို ထုတ်ဝေပေးလိုက်ရခြင်းဖြစ်ပါသည်။

ဤစာအုပ်ဖတ်ရသော ညီအစ်ကိုမောင်နှမများသည် သဲအောင်နှင့် မြဝတ်ရည်ကဲ့သို့ အလွန်ချစ်ခင်ကြင်နာဂရုစိုက်သော ညီအစ်ကိုမောင်နှမများ ဖြစ်ကြပါစေသတည်း။

ကောင်းသန့်

12-8-2000

(၁)

မီးငယ်လေးရေ......

၁၈နှစ်ကို တစ်ထစ်ကျော်လို့

၁၉ နှစ်ဆိုတဲ့ သမိုင်းအစမှာ

ဘဝလှပပါစေကြောင်း

ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

၁၈နှစ်ပြည့်မွေးနေ့ကို

ဖေဖေ(ကောင်းသန့်)က

ဖေဖေ့လက်ဆောင်စာအုပ်နဲ့ ကြိုဆိုခဲ့တယ်။

၁၉နှစ်ပြည့် မွေးနေ့ကိုတော့

ကိုကြီးရဲ့ စာလက်ဆောင်

နောင် အမှတ်တရဖြစ်စေဖို့

"မီးငယ်လေးဖတ်ဖို့"

ဒဿနာအတွေးတွေကို

စာနဲ့ရေးပေးလိုက်ပါတယ်........။

ကိုကြီး

မီးငယ်လေးရေ.....

၁၈ နှစ် ခရီး ဖြတ်သန်းပြီးလို့

ဘဝခရီးရဲ့ သုံးပုံတစ်ပုံ ရောက်ခဲ့ပြီနော်။

မိသားစုဘဝမှာ

မောင်နှမ နှစ်ယောက်တည်း

ရှိခဲ့ကြတာမို့

ချစ်လိုက်ရတာ ....။

မီးငယ်လေးလို့ တဖွဖွခေါ်

၇နှစ်ကျော်ကွာလို့

လက်ပေါ်မချ ထိန်းခဲ့ရတာ

ပြန်ပြန်တွေးမိတဲ့အခါ

လွမ်းစရာပါ......ကွယ်။

ကိုကြီး

မီးငယ်လေးရေ......

ဘဝဆိုတာ

တစ်ခါတစ်ခါ လိုချင်တာမရ

ရတဲ့ဟာ မလိုချင်

ခွကျကျနဲ့ အံမဝင်

သံစဉ်တွေလည်း ရှိတတ်တယ်။

အဲဒီ အခါ.....

ရတာ ကို တန်ဖိုးထားပြီး

ကြိုးစားပြီး ကျေနပ်လိုက်ပါကွယ်......။

ကိုကြီး

မီးငယ်လေးရေ....

မမြင်မစမ်းနဲ့ လျှောက်လှမ်းရတာ ဟာ

လူ့ဘဝကို ဖြတ်သန်းခြင်းပါပဲ....

တစ်နေရာကို

သွားမယ်လို့ ရည်ရွယ်

ခရီးဆက်တော့မယ်ဆိုရင်

အဲဒီ စကားလေး

မှတ်သားထားစေချင်တယ်.....။

ဘဝမှာ.....

ခလုတ်ကလေးတွေတိုက်

သစ်ကိုင်းနဲ့ ရိုက်မိသလိုမျိုး

ဆိုးဝါးတဲ့ ကြမ္မာမုန်တိုင်းကလည်း

တစ်ခါတစ်လေ ရိုင်းတတ်တယ်....။

အဲဒီ အခါ.....

ဖွဲ့နဲ့ပြန်ထ၊ ခရီးသစ်စဖို့

အင်အားတွေ ရှိစေချင်တာ်....။

လဲရင်မထူ၊ သူများကူမှ

ထနိုင်မယ့်သူမျိုး၊ မဖြစ်စေချင်ဘူး.....။

ကိုကြီး

(၂)

မီးငယ်လေးရေ.......

မီးငယ်တို့အရွယ်က

လုပ်သမျှ အပြောတ်ထင်

ကိုယ့်ကိုယ်ကိုယ်

မှန်တယ်ပဲ ထင်တတ်တယ်.....

တစ်ခါတလေ

ကိုယ့်ဘက်က မှန်ပေမယ့်

ကိုယ်မှန်တာကို

ထောက်ခံမယ့်သူ မရှိတာမျိုး

ကြုံတတ်တယ်။

အဲဒီ အခါ....

လူကြီးတွေကို လှမ်းမေး

အလွယ်လေးပါကွယ်။

ဘာဖြစ်လို့လဲဆိုတော့

သူတို့ကြုံခဲ့ဖူးလို့ပေါ့။

ကိုကြီး

မီးငယ်လေးရေ……

ဘ၀အတွက်

စာကျက်ရမယ်တဲ့။

ဖေဖေ့ဆုံးမစကား အမြဲကြားနော်။

စာကျက်ပျင်းရင်၏

ဖျင်းတတ်သတဲ့

ဖျင်းတဲ့သူ လူရာမ၀င်ဘူး။

လူရာမ၀င်မှတော့

အသက်ရှင်နေလည်း ဘာထူးမှာလဲ။

လူတောထဲမှာနေရင်

လူရာ၀င်ဖို့ လိုတယ်လေ။

ဒီတော့….

စာကျက်ပေ့ါ။

ကိုကြီး

မီးငယ်လေးရေ……

မိန်းကလေးဆိုတာ

တစ်ချက်မှ အမှားမခံ

အတိမ်းအစောင်းမခံတဲ့

ကြိုးတန်းလမ်းလျှောက်သမားနဲ့ တူတယ်။

ဒါကြောင့်....

ဘဝကြိုးတန်းပေါ်ကို လမ်းလျှောက်ဖို့

သတိ၊ ပညာ၊ သိက္ခာဆိုတဲ့

အထိန်းရှိဖို့ လိုတယ်။

အဲဒီ အထိန်းရှိမှ

ကြိုးတန်းပေါ်က မကျအောင်

လျှောက်နိုင်မှာပေါ့။

အထိန်းရှိပြီဆိုမှတော့

ရဲရဲလျှောက်နော် မကြောက်နဲ့။

ကိုကြီး

မီးငယ်လေးရေ......

အရင်လို လမ်းအိုလိုက်တဲ့

ရှေးရှေးစကား

မမှားတော့ မမှားပါဘူး။

ဒါပေမယ့်....

လမ်းအိုပဲ ရွေးရင်

သူများနောက်ကျန်

သိပ်မဟန်ဘဲ ဖြစ်လိမ့်မယ်။

ဒါကြောင့်.....

လမ်းသစ်ကိုဖောက်၊ ခရီးရောက်ရင်

အကောင်းဆုံးပေါ့ကွယ်...။

ဒါမှလည်း

လူ့လောက တိုးတက်မှာပေါ့....။

ကိုကြီး